သတင်းရင်းမြစ် > ဆလိုင်းထွန်း
အင်္ဂါနေ့၊ နိုဝင်ဘာလ ၀၉ ရက် ၂၀၁၀ ခုနှစ် ၂၀ နာရီ ၀၃ မိနစ်

နယူးဒေလီ (မဇ္ဈိမ)။ □□□□□□။ ချင်းပြည်နယ် ဖလမ်းမြို့နယ်တွင် ချင်းတိုးတက်ရေးပါတီ CPP က လွှတ်တော် ၃ ရပ်လုံးအတွက် အနိုင်ရကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အတွက် စုစုပေါင်း ယှဉ်ပြိုင်ရာ မဲဆန္ဒနယ် ၅ ခုစလုံးတွင် ပြိုင်ဘက် ကြံ့ခိုင်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ တစည နှင့် ချင်းအမျိုးသားပါတီ CNP စသည်တို့ကို CPP ပါတီက အနိုင်ရရှိခြင်း ဖြစ်သည်။

"ဖလမ်းမှာတော့ CPP နိုင်သွားပြီ။ တရားဝင် ကြေညာတာတော့ မရှိသေးပေမယ့် နိုင်တယ်ဆိုတာ သေချာပါပြီ။ ကျနော့်ကိုလည်း နိုင်တယ်ဆိုတာ မှန်ပါတယ်။ တခြားမြို့မှာတော့ နိုင်မယ်မထင်ပါဘူး" ဟု ဖလမ်းမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် ၂ တွင် ယှဉ်ပြိုင်သည့် ကြံ့ဖွံ့အမတ်လောင်း ဦးကောလ်လွယ်က မဇ္ဈိမကို ပြောသည်။

မြို့နယ် ရွေးကောက်ပွဲ ကော်မရှင် အရာရှိတဦးကလည်း "မဲ ရေလို့ ပြီးသွားပါပြီ။ ဖလမ်းမြို့နယ်မှာတော့ CPP နိုင်တာ သေချာသလောက် ရှိပါတယ်။ မြို့နယ်ကော်မရှင်က ပြောလို့ မရဘူး။ ပြည်နယ်ကော်မရှင်ကို ပို့ပြီးတော့ ပြည်နယ် ကော်မရှင်က တာဝန်ယူလိမ့်မယ်" ဟု မဇ္ဈိမကို ပြောသည်။

ပြည်သူ့လွှတ်တော်တွင် ဦးခွန်လိန်း၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၁ တွင် ဦးကျွန်ခဲန်း၊ အမှတ် ၂ တွင် ဦးဖုန်လှယ်ထန်းနှင့် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ၁ တွင် ဦးနထန်းတို့ အနိုင်ရကြောင်း ပြည်နယ်လွှတ်တော် အမှတ် ၂ တွင် အနိုင်ရသူ ဦးနိုးဆွန်ကလည်း ပြောပြသည်။

လွှတ်တော် ၃ ရပ်လုံးတွင် အဓိကပြိုင်ဘက်ဖြစ်သည့် ကြံ့ခိုင်ဖွံ့ဖြိုးပါတီက ဒုတိယ မဲအများဆုံး ရရှိသည်။

ဖလမ်းမြို့နယ်တွင် မဲရုံစုစုပေါင်း ၁၂၀ ခန့် တည်ရှိရာ မဲပေးနိုင်သူ လူဦးရေးမှာ ၂ ခန့်ရှိခဲ့သော်လည်း အမှန်တကယ် မဲလာရောက်ပေးခဲ့သူ လူဦးရေးမှာ ၆၀ ရာခိုင်နှုန်းခန့်သာ ရှိခဲ့သည်ဟု ဦးနိုးဆွန်က ဆိုသည်။

CPP သည် ယခုနှစ် မတ်လ ၂၄ ရက်နေ့တွင် အကြမ်းမဖက်သော နည်းဖြင့် ချင်းလူမျိုးများ၏ တိုးတက်ရာ၊ တိုးတက်ကြောင်းကို အတတ်နိုင်ဆုံး ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် မတူပီ၊ ပလက်ဝ၊ ဖလမ်း၊ မင်းတပ်၊ ကန်ပက်လက်၊ တီးတိန်နှင့် တွန်းဇံမြို့နယ်များမှ အဖွဲ့ဝင် ၂၂ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ပါတီရုံးချုပ်ကို ရန်ကုန်မြို့၌ အခြေစိုက်ထားသည်။

ပြီးခဲ့သည့် ဖွန်လ ၁ ရက်နေ့တွင် ရွေးကောက်ပွဲ ကော်မရှင်က မှတ်ပုံတင်အမှတ် ၂၆ ဖြင့် မှတ်ပုံတင်ခွင့်ပြုသည်။

CPP နှင့် ကြံ့ဖွံ့ပါတီမှ အမတ်လောင်းများ၏ မဲစာရင်း အသေးစိတ်ကို ဤနေရာတွင် ကြည့်ရှုနိုင်ပါသည်။

| စဉ် | အမည် | လွှတ်တော် | မဲဆန္ဒနယ် | ထောက်ခံမဲ | ဒုတိယ မဲအများဆုံး | ထော |
|---|---|---|---|---|---|---|
| ၁ | ဦးခွန်လိန်း | ပြည်သူ့လွှတ်တော် | | ၈၉၈၄ | ဦးဆိုင်းလျန်ကြူး | ၇၁၂၀ |
| ၂ | ဦးနထန်း | ပြည်နယ်လွှတ်တော် | အမှတ် ၁ | ၄၈၀၉ | ဦးငွန်လာလ် | ၃၉၀၉ |
| ၃ | ဦးနိုးဆွန် | ပြည်နယ်လွှတ်တော် | အမှတ် ၂ | ၄၅၇၃ | ဦးကောလ်လွယ် | ၃၉၀၇ |
| ၄ | ဦးကျွန်ခဲန်း | အမျိုးသားလွှတ်တော် | အမှတ် ၁ | ၄၇၈၅ | ဦးရာလ်ဇမ်း | ၃၈၄၉ |
| ၅ | ဦးဖုန်လှယ်ထန်း | အမျိုးသားလွှတ်တော် | အမှတ် ၂ | ၅၂၂၉ | ဒေါ်ရွှေထွေး | ၄၀၅၂ |